
ဝန်ရင်း
Read on the move
ဒုတိယရေစီးကြောင်း
သျှိုး

# အခန်း(၁)

ကျွန်မသည် လူအများ၏စိတ်ကို နားလည်နိုင်စွမ်းသောသူ ဖြစ်ချင်မိ၏။ သို့သော် ကျွန်မသည် ကိုယ့်ကိုယ်ကိုယ်ပင် နားလည် အောင် မနည်းကြိုးစားနေရသူ ဖြစ်သည်။ ကိစ္စတစ်စုံတစ်ခု ပြုလုပ်ပြီး တိုင်း နောင်တမရမိအောင်နေသော်လည်း ထိုကိစ္စပြုလုပ်လိုက်မိခြင်း ကိုတော့ ပြန်လည်စဉ်းစား တွေဝေနေတတ်သူ ဖြစ်သည်။ ထိုအကျင့် မကောင်းမှန်း ကျွန်မသိသည်။ သို့သော် မွေးရာပါ ဗီဇလို စွဲမြဲနေသည် မို့ ဖျောက်ဖျက်ရန်မှာ ခက်လှသည်။

''ရေခဲမုန့် သွားစားရအောင်''

ကျွန်မ၏ဆန္ဒအတိုင်း မောင်နှင့်ကျွန်မ ရေခဲမုန့်ဆိုင်သို့ ရောက် လျှင် ကျွန်မက ချောကလက်ရေခဲမုန့်ကိုသာ ရွေးချယ်စားလေ့ ရှိမြဲ။

''တကယ်တော့ ငါ စားချင်တာ ရေခဲမုန့်မဟုတ်ဘူးဟ''

ထိုသို့ တွေဝေစွာ ကျွန်မ ပြောပြန်လျှင် မောင့်ဆီက သက်ပြင်း မှုန်းမှုန်းချသံကို ကြားရတတ်သည်။

''ပြောပါဦး ဘာစားချင်တယ်ဆိုတာ''

''မုန့်ဟင်းခါးဖြစ်ဖြစ် ကြက်ကြော်ဖြစ်ဖြစ် စားမယ်လေ''

မောင် ဘာမှပြန်မပြောပါ။ မောင့်လက်ထဲမှ နို့ရေခဲမုန့်အား လုံး အကြွင်းအကျန်မရှိ ကုန်သွားသည်ထိ မောင် ငြိမ်သက်စွာ စားပြီးမှ ကျွန်မ မျက်နှာကို စေ့စေ့စပ်စပ် ငေးကြည့်ကာ

''တစ်ခုပဲပြော၊ မုန့်ဟင်းခါးလား၊ ကြက်ကြော်လား''

ထိုအခါကျပြန်တော့လည်း ကျွန်မသည် ဝေခွဲရခက်စွာ ငြိမ် သက်နေမိသေး၏။ နှစ်ခုစလုံး မရဘူးလားလို့တော့ စောဒက တက်ကြည့် သေးသည်။ မောင်က ဆံပင်ပျော့ပျော့ဖြောင့်ဖြောင့်လေးများကို လှုပ်

ရမ်းသွားသည်ထိ ဝဲခါပစ်လိုက်ပြီး ကျွန်မ၏ အယူခံကို ပယ်ချလိုက်ပါ သည်။

နောက်ဆုံးတော့လည်း ကျွန်မသည် မောင် ပိုကြိုက်မှန်းသိ ထားသော မှန့်ဟင်းခါးကိုသာ ရွေးချယ်ခဲ့ရ၏။

ထိုတုန်းကတော့ ကျွန်မသည် ကိုယ့်ရဲ့ အတည်တကျ မရှိနိုင် သော စိတ်ကို နားလည်ရန် မကြိုးစားခဲ့ဘဲ မောင့်ရဲ့အလိုမလိုက်မှုကို သာ အပြစ်တင် ရိုးမယ်ဖွဲ့နေခဲ့မိသည်။ နှစ်ခုလုံးကို စားလျှင်လည်း ဖြစ်ပါလျက်နှင့် ကျွန်မရဲ့ဆန္ဒကို မောင် လျစ်လျူရှုရက်သည်ဟု အထင် မှားခဲ့၏။ အဲဒါဟာ သိပ်ကို အတ္တကြီးသော ကျွန်မရဲ့ ကိုယ်ပိုင်ခံစားချက် တွေဆိုတာတော့ အချိန်နှောင်းခါမှ (ကျွန်မ ဘေးမှာ မောင်မရှိတော့မှ) သိခွင့်ရခဲ့သည်။

ကျွန်မ ဆိုးတယ်နော် မောင်၊ မောင့်ရဲ့ သည်းခံနိုင်စွမ်းထက် ကျော်လွန်ပြီးတော့ကို ကျွန်မ ဆိုးခဲ့တယ်။ ဒါပေမဲ့ မောင် ကျွန်မတို့ နှစ်ယောက် ဝေးကွာသွားခဲ့ကြတာ ကျွန်မတစ်ယောက်တည်းကြောင့်တော့ မဟုတ်ဘူးဆိုတာ မောင် ဝန်ခံရမယ်။

ကျွန်မလေ လူတွေရဲ့စိတ်ကို နားလည်ချင်တယ်။ အထူးသဖြင့် မှန်းဆရခက်တဲ့ မောင့်စိတ်ကိုပေါ့၊ မောင် ဘာတွေ တွေးနေတယ်၊ မောင် ဘာတွေလုပ်ချင်နေတယ်၊ မောင့်စိတ်ကူးတွေက ဘယ်လို ဆိုတာ ကျွန်မ သိချင်တယ်။ ဖြစ်နိုင်ရင် မောင့်စိတ်ကူးနဲ့ ကျွန်မအတွေးတွေကို တစ်ထပ်တည်းဖြစ်စေချင်တယ်။ မောင်နဲ့ကျွန်မဟာလည်း ဘယ်လိုခွဲခွဲ ဘယ်တော့မှ မကွဲကွာနိုင်တဲ့ တစ်ယောက်နဲ့တစ်ယောက် တစ်သားတည်း ကျနေတဲ့ချစ်သူတွေအဖြစ်ပဲ ရှိနေချင်တယ်။ ကျွန်မ မောင့်ကို ဘယ်လိုမှ မခွဲနိုင်ပါဘူးကွယ်။ အဲဒါဟာ အသေချာဆုံးသော ကျွန်မရဲ့ အယူခံပါ။

''မောင် နင့်ကိုငါ ဘယ်လိုမှ ခွဲနိုင်မှာ မဟုတ်ဘူး သိလား''

မနေနိုင်လွန်းစွာ ကျွန်မ ပြောမိလျှင် မောင်က နှုတ်ခမ်းရဲရဲ

လေးများအား မသိမသာတွန့်ကာ ပြုံးတတ်၏။ ထိုအပြုံးကို ကျွန်မ မကြိုက်ပါ။ သရော်တော်တော်နိုင်လှပါသည်။

''သချာလို့လား နီရဲ့''

''မောင့်ကို ယုံပါလို့ မပြောပါဘူး၊ ဒါပေမဲ့ ယုံစေချင်မိတယ်''

မျက်နှာငယ်လေးနှင့် ကျွန်မ ပြောလျှင်တော့ မောင်က မျက်နှာ ကို သိသိသာသာ ရှုံ့မဲ့ပစ်လိုက်ကာ ခေါင်းကိုပါ ခါရမ်းပစ်တတ်သည်။

''ပြောလိုက်ရင် မျက်နှာငယ်လေးနဲ့ နင် တော်တော် အမူအရာ ကောင်းတယ်''

မောင့်စကားကို ပြန်လည်မချေပမိတာဟာ မောင့်စကားကို ထောက်ခံတာ မဟုတ်မှန်းတော့ မောင် သိမှာပါ။ ကျွန်မက မောင်နှင့် ပတ်သက်ပြီး အမြဲလိုလို အလျှော့ပေးနေချင်သူလေ။ ကျွန်မ မောင့်ကို နောက်ဆုံးအချိန်ထိ အလျှော့ပေးပြီး ချစ်ခဲ့တယ်ဆိုတာ မောင် အသိဆုံး ဖြစ်မှာပါ။

ကျွန်မ အခန်းထဲမှ စာအုပ်စင် ဒုတိယထပ်တွင် ထောင် လျက်သားအတိုင်း ရှိနေဆဲဖြစ်သော မောင့်ဓာတ်ပုံကို လှမ်းငေးလိုက် မိ၏။ ဓာတ်ပုံထဲမှာတောင် မောင်က ကျွန်မဘက်သို့ လှည့်မနေခဲ့ပါ။ မောင် ငေးကြည့်နေတာက ပင်လယ်ပြင်ကြီးကို ဖြစ်၏။ ထိုအခါတုန်းက မောင့်နောက်နားတွင် မိန်းကလေးတစ်ဦးဦး ရှိခဲ့မှန်းကို မောင့်ဘေးမှ အရိပ်အရ ကျွန်မသိခဲ့ပါသည်။ ဒါပေမဲ့ ကမ်းခြေလို လူအများ ရှုပ် ထွေးနေတဲ့ နေရာတစ်ခုတည်းမှာ ဒီကိစ္စဟာ စာဖွဲ့လောက်စရာ မဟုတ် ဘူးလို့ ကျွန်မထင်ခဲ့တယ်။

ကျွန်မ မေ့သွားခဲ့တာတစ်ခုက မောင့်အတွေးတွေ မောင့် လုပ်ရပ်တွေဟာ ကျွန်မ ထင်ထားတာတွေနဲ့ ဘယ်တော့မှ မတူညီ ခဲ့ဘူးဆိုတာပါပဲ။ ခုချိန်လောက်ဆို မောင်နဲ့ ထိုမိန်းကလေးတို့ ပျော် ရွှင်နေကြမလား၊ သူတို့

သေချာပေါက် ပျော်နေကြမှာပါ။ နီဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ဝေးရာမှာ စိတ်ပူလောင်မှုကင်းမဲ့စွာနှင့် မောင် ပျော်နေမယ်ဆိုတာ အတိအကျပါပဲ။ မောင် ပျော်နေတယ်ဆို တော် ပါပြီ။ ကျွန်မ ကျေနပ်နိုင်ပါတယ်။

''ဘာလုပ်နေလဲ နီ''

''အေး ငါစာကျက်နေတယ်ဟ''

''ငါပျင်းလို့ဟာ၊ စက်ဘီးလျှောက်စီးရအောင်လေ''

''ဩော် နင်ပျင်းလို့ ငါ့ဆီ ဖုန်းဆက်တာပေါ့လေ ဟုတ်လား''

ကျွန်မ စိတ်တိုဟန်ဆောင်ကာ ဆူငေါက်ငေါက်ပြောလျှင် မောင့် ထံမှ ရယ်သံသဲ့သဲ့နှင့် စကားတစ်ခွန်း ကြားရတတ်၏။

''နင်က ငါ့ရဲ့ ပျော်တော်ဆက်လေ'' တဲ့။

ကျွန်မဟာ မောင့်အတွက် အပျင်းပြေ၊ မောင့်ရဲ့ ပျော်တော် ဆက်၊ မောင့်နားက အဖြည့်ခံသက်သက်ဆိုတာ အဲဒီတည်းက ကျွန်မ ရိပ်မိခဲ့တယ်။ ဒါပေမဲ့ မောင်က ကျွန်မကို အဲဒီလိုမျိုး ရက်ရက်စက် စက် သတ်မှတ်ခဲ့လိမ့်မယ်လို့မှ ကျွန်မ မထင်ထားခဲ့တာ။ ကျွန်မနဲ့ ပတ်သက်ရင် မောင့်ဘက်က ပေါ့ပေါ့လေးပဲ တွေးထားလိမ့်မယ်လို့ ကျွန်မ မထင်ထားခဲ့တာ။

မောင်နဲ့ ကျွန်မ တစ်ချိန်ချိန်မှာ ဆုံဆည်းကြရလိမ့်မယ်လို့ ကျွန်မ ထင်ခဲ့တယ်လေ၊ အဲဒီထင်မြင်ချက်ကတော့ မောင်နဲ့ ပတ်သက် တဲ့ ကျွန်မရဲ့ အလွဲတွေထဲမှာ အဆိုးရွားဆုံး လွဲချော်မှုကြီးပါပဲ။

မောင့်ရဲ့ ပျော်တော်ဆက် မိန်းကလေးတစ်ဦးက မောင့်စိတ် တိုင်းကျ ပျော်ရွှင်ရယ်မောနိုင်အောင် နောက်ဆုံးအချိန်ထိ တာဝန်ကျေ ခဲ့တယ်နော် မောင်။

''ဟိတ် ဘာတွေ ငေးနေတာလဲ၊ မင်း အတန်းဝင်ရတော့ မယ်လေ''

သူငယ်ချင်းဖြစ်သူ ဝင့်ဝါက ပခုံးပုတ်ပြောမှပင် ကျွန်မမှာ

သတိပြန်ဝင်သူလို လှုပ်လှုပ်ရှားရှားဖြစ်လျက် ခုတင်ထက် ထိုင်နေရာ မှ မတ်တပ်ထရပ်လိုက်သည်။

''ငါ အားလုံးပြီးနေပါပြီ ဝင့်ဝါရယ်၊ သွားဖို့ပဲ ရှိတော့တာပါ''

ခုမှ ဆယ့်နှစ်နာရီခွဲသာ ရှိသေးသည်။ ထမင်းစားဖို့ အဆောင် ခဏပြန်လာစဉ် စိတ်တွေ မောင့်ထံသို့ လွင့်မျောသွားမိခြင်းဖြစ်၏။ အတန်းချိန်ရောက်ဖို့ ဆယ့်ငါးမိနစ်တောင် လိုသေးသည်။ ကျောင်း ရှေ့ရှိ ကျွန်မအဆောင်ကနေ ကျွန်မ စာသင်ကြားရမည်။ အခန်းဆီသို့ ခုနစ်မိနစ်လောက်နှင့် ရောက်နိုင်ပါသည်။

ကံကောင်းထောက်မစွာပင် ဒီပတ်ဝန်းကျင် ဒီနေရာ ဒီကျောင်း နှင့်ပတ်သက်၍ မောင့်ပုံရိပ်တွေနှင့် ဝေးကွာလွန်းလှသည်၊ နေရာဒေသ ကြောင့် မောင့်ကို လွမ်းဆွတ်ရခြင်းဒဏ်မှ တော်တော်လေးသက်သာ စေပါသည်။

အဲဒါကြောင့်လည်း စာသင်ကြားရာတွင် ကျွန်မအတွက် စိတ် ဒုံးဒုံးချနိုင်ခဲ့ခြင်း ဖြစ်၏။ မောင်သာ အနားမှာ ရှိနေလျှင်တော့ ကျွန်မ သည် ခုလိုမျိုး ရန်ကုန်က တက္ကသိုလ်တစ်ခုမှာ သရုပ်ပြဆရာမတစ် ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်နေသည်ကို ကန့်ကွက်ဦးမည်လား မပြောနိုင်ပါ။

''ငါ့မိဘတွေနဲ့အတူ နေပြည်တော် ပြောင်းရတော့မယ် မောင်''

မောင့်မျက်လုံးများ အနည်းငယ် အရောင်ပြောင်းသွား၏။ ဘေး လူတစ်ယောက်အနေနဲ့ကတော့ ထိုသို့ အရောင်ပြောင်းသွားခြင်းကို သတိ ထားမိလိုက်မည် မဟုတ်ပါ၊ ကျွန်မတောင် မောင့်မျက်နှာ အရိပ်အကဲကို အမြဲတစေ စူးစူးစိုက်စိုက် ရှိလွန်းလို့သာ သိလိုက်ခြင်းဖြစ်သည်။

ကျွန်မနဲ့ပတ်သက်ရင် မောင် သိပ်မခံစားတတ်မှန်း ထိုစဉ် ကတည်းက ကျွန်မ သိခဲ့ရမည်ဖြစ်သော်လည်း မောင့်မျက်လုံးများထဲ မှ သိပ်မထူးခြားလှပါသော ပြောင်းလဲမှုကိုတောင် သတိထားခဲ့မိသော ကျွန်မသည် မောင့်ရင်ထဲက

ကျွန်မနဲ့ပတ်သက်သည့် ခံစားချက်များ ကိုလည်း သိကိုသိနေသင့်ခဲ့သည်။

ဒါပေမဲ့ မောင့်ကို မျက်ကန်းအချစ်မျိုးနှင့် စွဲလမ်းရူးသွပ်ခဲ့ သော ကျွန်မသည် မောင့်အပေါ်မှာလည်း စွတ်နှစ်ယုံကြည်ထားခဲ့မိ လေသည်။

ဟုတ်ပါတယ်၊ ကျွန်မနဲ့ ခွဲခွာရလည်း မောင် ဘာမှမဖြစ် ပါဘူး။

''လူတွေအားလုံးက တစ်ယောက်နဲ့ တစ်ယောက် ဒီလိုနည်းတွေ နဲ့ပဲ ဝေးကွာသွားခဲ့ကြရတာပဲလေ''

လို့ မောင့်နှုတ်ကနေ အေးဆေးစွာ ထွက်ကျလာခြင်းသည် ကျွန်မ မျက်ရည်အတော်များများကို မောင့် ရှေ့မှာပင် ခြွေယူပစ်နိုင်ခဲ့၏။ နောက်ဆုံးတော့ မောင့်ကို မခွဲနိုင်သော ကျွန်မသာလျှင် မိဘများနှင့် အတိုက်အခံလုပ်ပြီး ဇာတိမြို့လေးမှာပင် တစ်ယောက်တည်း ကျန် နေခွင့်ရအောင် ကြိုးစားခဲ့သည်။ အဲဒါဟာလည်း မောင့်ရက်စက်မှုတွေကို တစိမ့်စိမ့်ခံစားနိုင်အောင် ကျွန်မ ကိုယ်တိုင် ဖန်တီးယူခဲ့ရသလိုပါပဲ။

လျှောက်လှမ်းနေသော ကျွန်မ ခြေထောက်များ သူ့အလိုလို ရပ်တန့်သွား၍ ဘေးဘီကို ကြည့်မိတော့မှ ကိုယ်ဝင်ရမည့် စာသင် ခန်းရှေ့ ရောက်နေမှန်း သိလိုက်ရသည်။ မျက်ဝန်းအိမ်မှ စိုစွတ်သော ခံစားမှုကြောင့် မျက်ရည်တွေ ဝေ့ဝဲတက်နေပြီဆိုတာလည်း ကိုယ့်ဘာသာ သိလိုက်သည်။

ကိစ္စတော့ သိပ်မရှိ။ လက်ထဲတွင် အဆင်သင့်ကိုင်ထားသော တစ်ရှူးစလေးနှင့် အသာထိသုတ်လိုက်၏။ မောင်နဲ့ ဝေးကွာပြီးသည့် နောက်ပိုင်း မျက်ရည်လွယ်တတ်လွန်းနေသော ကျွန်မသည် သွားလေ ရာမှာ တစ်ရှူးထုပ်လေးဆောင်တတ်သော အကျင့်တစ်ခု တိုးလာ ရပါသည်။

''ဆရာမ ကျွန်တော် ကျူတိုရီယယ်ဖြေဖို့ စာရွက်တွေ လိုက် ဝေလိုက်တော့မယ်''

ဉာနထဲကနေ စာရွက်လွှတ်များ သယ်ထုတ်လာသော ကျောင်းသားတစ်ဦးက ကျွန်မကို ပြောလာတော့မှပင် ဒီနေ့ ကျူတိုရီယယ် ဖြေရမည်လို့ ပြောထားခဲ့မိခြင်းအား သတိပြန်ဝင်မိတော့သည်။ ထို့ကြောင့်ပင် ခေါင်းကို ခပ်သွက်သွက် ညိတ်ပြလိုက်ရပြန်၏။

''ဝေလိုက်တော့ ဖုန်းစွမ်းပြည့်''

ကျွန်တော့်ကို စွမ်းလို့ပဲ ခေါ်ပါ ဆရာမ''

ကျွန်မနားမှ ထိုကျောင်းသား ထွက်သွားပြီဖြစ်သော်လည်း သူ့နောက်ကျောကို ငေးမောနေမိဆဲပင်ဖြစ်သည်။ ဒီနောက်ဆုံးနှစ်အတန်း ထဲမှ ထိုကောင်လေးကို ကျွန်မ အတော်လေး မျက်မှန်းတန်းမိပါသည်။

တစ်ခါတလေ နေ့လယ်စာကို အဆောင်မပြန်ဘဲ ဦးပြောင် ဆိုင်မှာ စားမိတိုင်း ထိုကောင်လေးနှင့် တိုးမိမြဲဖြစ်သည်။ ကျွန်မ စား ထားသော ထမင်းကြော်ဖိုးကို တားနေသည့်ကြားကပင် သူ အတင်း ဝင်ရှင်းပေးဖူးသေး၏။

ကျွန်မထက် အရပ်အနည်းငယ်သာ ပိုရှည်ကာ နှစ်လိုဖွယ် ကောင်းသော မျက်နှာပိုင်ရှင် ကောင်လေးတစ်ယောက် ဖြစ်သည်။ ကျွန်မ အဓိက သတိထားမိတာကတော့ သူ့ရဲ့ ဆံပင်ဖြောင့်ဖြောင့် ရှည်ရှည် လေးများပင် ဖြစ်၏။ ဒါပေမဲ့ အဲဒီဆံပင်ရှည်လေးတွေဟာ မောင့်ဆံပင် ရှည်များလိုတော့ ပျော့ပြောင်းအိကျနေခြင်းမျိုး မဟုတ်ပါ။

နောက်ဆုံးတော့ ကိုယ့်အတွေးကိုပင်ကိုယ် ပြန်ပြုံးမိလိုက်၏။ ဒီကျောင်းသားမှာ မောင့်လို ဆံပင်ဖြောင့်ဖြောင့်ရှည်ရှည်များ ရှိရုံနှင့် ကျွန်မ သတိထားမိနေခြင်းသည် ဆရာမတစ်ယောက်အနေနှင့် သင့် တော်ပါရဲ့လား၊

သြော် တစ်ခုရှိသေးသည်။ အဲဒီ ဖုန်းစွမ်းပြည့်ဆိုတဲ့ ကောင် လေးက အတန်းထဲမှာသာ ကျွန်မကို ဆရာမလို့ ခေါ်ခြင်းဖြစ်၏။ တခြား နေရာများမှာ (ဥပမာ- ကန်တင်း) ဆိုလျှင်တော့ မမလို့ နှစ်လုံးတည်းသာ သူခေါ်တတ်သည်။

ကျွန်မကိုယ်တိုင်ကလည်း ငြင်းခဲ့သင့်ပါလျက် ဒီ အတိုင်းသာ နားထောင်နေခဲ့မိ၏။ အဲဒီ ခေါ်သံဟာ မောင့်ကို ကျွန်မက တစ်စုံတစ်ခုနှင့်ပတ်သက်ပြီး ပြစ်တင်ဆူပူမိတိုင်း မောင့်နှုတ်က အရွဲ့တိုက် ကာ ထွက်ကျလာတတ်သော 'ဟုတ်ကဲ့ပါ မမ' ဟူသည့် အသံနဲ့မျှား ဆင်တူနေခဲ့သေးသလား။ ကျွန်မ မဝေခွဲတတ်တော့ပါ။

သေချာတာကတော့ ကျွန်မရဲ့တပည့်များအားလုံးတွင် ဒီကောင် လေးကို ကျွန်မ ကွဲပြားစွာ သေချာမှတ်မိနေခြင်းပါပဲ။

''နင် ဒီနေ့ ဟိုတစ်ပတ်က မေးပြီးသားအပိုဒ်ကိုပဲ ကျူတို ရီယယ် ပြန်ဖြေခိုင်းမိတယ်ဆိုတာ ဟုတ်လား နီ''

အဆောင်ရှေ့မှ ဒါန်းပေါ်ထိုင်ရင်း စာအုပ်တစ်အုပ်နှင့် ငြိမ့် နေသော ဝင့်ဝါက ကျွန်မကို မြင်သည်နှင့် ပြုံးစစလုပ်ကာ မေးလာ ပါသည်။ ကျွန်မလည်း ရှက်ရယ်ရယ်လျက်က သူမ ဘေးနားတွင် ဝင် ထိုင်လိုက်၏။

''ဘာလဲ ထုံးစံအတိုင်း မောင့်ဆီ စိတ်ရောက်သွားတာပဲလား''

ကျွန်မအကြောင်းကို သိသင့်သလောက် သိထားသော ဝင့်ဝါ အမေးအောက်မှာ ကျွန်မကိုယ်တိုင်ပင် ထိတ်လန့်သွားမိ၏။ တကယ် တော့ ဒီနေ့မှားယွင်းစွာ ဖြေခိုင်းခဲ့မိခြင်းသည် မောင်နဲ့ပတ်သက်နေ သော်လည်း မောင့်ကြောင့်တော့ မဟုတ်ခဲ့ပါ။

ဟို ဖုန်းစွမ်းပြည့်ဆိုတဲ့ ကောင်လေးကြောင့်သာ ဖြစ်သည်။ သူ့အကြောင်းတွေကို တခုတ်တရ စဉ်းစားနေမိလို့ အရင်တစ်ပတ်က မေးပြီးသားကြီးမှန်း မေ့လျော့စွာ မှားယွင်းသွားခဲ့ရခြင်းပင်။ အဲဒီအမှား ကိုလည်း ဆယ်မိနစ်လောက်နေမှ ကျွန်မအနားသို့ စွမ်းရောက်လာပြီး သတိပေးသောကြောင့်သာ ကျွန်မ သိခဲ့ခြင်းဖြစ်သည်။ ဘယ်လောက် တောင်မှပဲ ကျွန်မအသိတွေ လွင့်ထွက်သွားခဲ့မှန်း ကျွန်မ မသိတော့ ပါ။

''တော်သေးတာပေါ့ဟာ၊ ဆရာမ မှားတာဆိုတော့ ဘယ်ကျောင်းသားကမှ စောဒက မတက်ရဲတော့ဘူးပေါ့''

ဝင့်ဝါရဲ့ ဟာသလိုလို ဘာလိုလို နှစ်သိမ့်ပေးမှုကို ကျွန်မမှာ မသက်မသာနှင့် လက်ခံလိုက်ရ၏။

''အတန်းချိန်မှာတော့ စိတ်ကို ကျွန်တော်တို့ဆီမှာပဲ ထားပေး ပါဗျာ၊ ဆရာမကို ကြည့်ရတာ ဒီနေ့ စိတ်မတည်မငြိမ်ဖြစ်နေသလိုပဲ'' ဆိုသည့် အနားနားကပ်ကာ သတိပေးသလို ပြောသွားသော စကားသံကို ဝင့်ဝါမကြားလိုက်လို့သာပေါ့၊ ကျွန်မမှာတော့ အဲဒီစကား တစ်ခုတည်းနဲ့တင် မျက်နှာများထူပူကာ စာသင်ချိန် မြန်မြန်ကုန်ဆုံးဖို့ ဆုတောင်းနေခဲ့ရတာလေ။

မောင့်လိုပဲ ဒီကောင်လေးဟာ ကျွန်မရဲ့ မတည်ငြိမ်ကာ အမြဲ လိုလို တွေဝေနေတတ်သောစိတ်ကို ထိုးထွင်းမြင်နိုင်နေတာလား၊ ဒီကောင်လေးရဲ့ပုံစံလေးက လူငယ်ဆန်ဆန် ပွင့်လင်းလွတ်လပ်မည့် ပုံမျိုးလေး လို့ ကျွန်မက ခန့်မှန်းထားမိသည်။

အဲဒီလို ကောင်လေးတစ်ယောက်က ကျွန်မရဲ့ဖုံးဖိထားသော စိတ်ကို အကြည့်လေးတစ်ချက်နဲ့တင် တန်းခနဲမှန်အောင် ပြောနိုင် သည်ဆိုတာ လက်ခံချင်စရာ သိပ်မရှိ။

''နင့်ကို ကြည့်လိုက်ရင် ဟိုလိုလို ဒီလိုလိုနဲ့ ဘာဖြစ်ချင်နေ မှန်းကို မသိဘူး''

အဲဒီလိုမျိုး မောင် ပြောခဲ့တုန်းကတော့ ကျွန်မသည် နှုတ်ခမ်း စူ မျက်စောင်းထိုးကာ မောင့်ကို စိတ်ဆိုးခဲ့ဖူး၏။ အဲဒီလို စိတ်ဆိုး စိတ်ကောက်မိလို့ မောင် ချော့လိမ့်မယ်လို့များ ထင်နေလျှင် တက် တက်စင်အောင် လွဲဖို့သာ ရှိတော့သည်။

မောင်ဟာ စိတ်ဆိုးနေသော ကျွန်မကို ပြေရာပြေကြောင်း ပြောဖို့ရာ

ဘယ်သောအခါမှ အားလပ်မနေတတ်သူ ဖြစ်သည်။ စိတ် ကောက်မိသော ကျွန်မကသာ ကိုယ့်ဘာသာ ပြန်လည်လျှော့ချလိုက် ရမြဲ ဖြစ်သည်။

''နင့်ကို ငါ စိတ်ကောက်နေတာလေ မောင်ရဲ့၊ ဒါလေးတောင် မသိဘူးလား''

''စိတ်ကောက်ရလောက်အောင် နင့်ကိုငါ ဘာတွေများ ကျူး လွန်ခဲ့မိလို့လဲ၊ နင် နစ်နာရလောက်အောင် ငါ ဘာမှ မလုပ်ခဲ့မိဘူး နော် နီ''

မောင်နှင့် ချိန်းထားသောနေရာကို ကျွန်မက ဆယ့်ငါးမိနစ် လောက် ကြိုရောက်နေပါသော်လည်း မောင်ကတော့ လုံးဝရောက်မလာ ခဲ့ပါ။ နာရီဝက်၊ တစ်နာရီ၊ နှစ်နာရီ၊ မောင်မလာတော့ဘူးဆိုတာ သေချာသွားတော့ ထုံးစံအတိုင်းပင် ကျွန်မ မျက်ရည်တို့ ရစ်ဝဲလာခဲ့ ရ၏။

မောင့်ဆီက ဖြေရှင်းချက်ကတော့ အလွန်ပင် ပေ့ါပါးစွာ ရိုးစင်းလွန်း၏။ အိပ်ပျော်သွားလို့ပါ တဲ့၊ အဲဒီအဖြစ်မျိုးကို ချစ်သူမိန်း ကလေးတစ်ယောက် စိတ်ကောက်မိသည်ဆိုတာ ထူးဆန်းနေလို့လား။ လောကမှာ ရှိသမျှသော အတွဲများအတွက် ထူးဆန်းသည်မှာ မဟုတ် သော်လည်း မောင့်အတွက်ကတော့ ကွဲပြားခြားနားစွာ ထူးဆန်းနေခဲ့၏။

ကျွန်မသည် ပထမဆုံးအဆင့်အဖြစ် မောင့်ကို စိတ်ကောက် သည်။ နောက်တော့ မောင့်ကြောင့် ကျွန်မ စိတ်ဓာတ်ကျ၏၊ စိတ်ဓာတ် ကျရာကနေ မောင့်ကို စိတ်နာတတ်လာသည်၊ အဲဒီကမှတစ်ဆင့် ကျွန်မ စိတ်ပျက်ခဲ့ရ၏၊ အဆုံးစွန်မှာတော့ မောင့်လုပ်ရပ်တွေကို ကျွန်မ သည်းမခံ နိုင်စွာဘဲ စိတ်ကုန်သွားတော့သည်။

မောင်ဟာ ကျွန်မအပေါ်တွင် စိတ်ပျက်အောင် လုပ်နိုင် စွမ်းရည်ကတော့ အပြည့်အဝရှိ၏။ ဘယ်နည်းနဲ့ ဘာလုပ်လိုက်ရင် ကျွန်မ စိတ်တိုနိုင်တယ်ဆိုတာ မောင် သိသည်။ ဘယ်စကားကို ပြောလိုက်ရင် ကျွန်မ ပျော်ရွှင်သွားမည်ဆိုတာ

မောင် သိသည်။ ကျွန်မကသာ မောင့်စိတ်ကူးတွေကို လိုက်မမီခဲ့ခြင်းဖြစ်၏။

''နင့်မျက်နှာကလေ ဘယ်အချိန်ဖတ်ဖတ် နင်ဘာဖြစ်တယ် ဆိုတာ သိပ်သိသာတဲ့ မျက်နှာမျိုးပဲ''

ငါက ဘာလို့ အဲဒီလိုဖြစ်ရတာလဲဟင် မောင်''

ကျွန်မက ကလေးဆန်စွာ မေးမိလျှင်တော့ မောင်က ခေါင်းကို မော့လှန်ကာ ရယ်မောပစ်တတ်သည်။ နောက်တော့ စာနားမလည်သော ကလေးတစ်ယောက်အား စိတ်ရှည်ရှည်ထားပြီး ရှင်းပြမည့် ဆရာတစ် ယောက်လို မျက်နှာပေးမျိုးနှင့် ကျွန်မအား သေချာစိုက်ကြည့်ကာ

''နင်က ဟန်မဆောင်တတ်ဘူးလေ၊ နင်က အရမ်းကို ဖြူ စင်ပြီး ပွင့်လင်းလွန်းတယ်''

မောင်က အဲဒါကို အပြစ်တစ်ခုလို မြင်ယောင်ကာ ပြောနေ ခြင်းဖြစ်မှန်း ကျွန်မ သိသိချင်းမှာပဲ မခံရပ်နိုင်စွာ ကန့်ကွက်ခဲ့မိ၏။

''အဲဒါ ကောင်းတာမဟုတ်ဘူးလား မောင်ရဲ့၊ မကောင်းတဲ့ အချက်လို ဘောင်ထဲကို ရိုက်မသွင်းလိုက်ပါနဲ့''

မောင့်အကြည့်များက သနားစရာသတ္တဝါတစ်ကောင်ကို ကြည့် သလိုမျိုး မှေးမှိန်သွားပြန်၏။ ထိုအကြည့်ကို ကျွန်မ မကြိုက်ပါ။

''အဲဒါဟာ ကောင်းတယ်လို့ နင်ထင်တယ်ပေါ့ ဟုတ်လား၊ နင့်စိတ်ထဲမှာ ဘာတွေ ခံစားနေရတယ်ဆိုတာ နင့်ကို ကြည့်ရုံနဲ့ သိ သွားတာမျိုးကို နင်က ကောင်းတယ်လို့ ထင်နေတာလား''

''ဟား အဲဒါ ကောင်းတာပေါ့၊ ငါ ဘာလုပ်ချင်တယ်ဆိုတာ နင်သိနေတော့ ငါပြောနေစရာ မလိုတော့ဘူးလေ၊ မမိုက်ဘူးလား''

ကျွန်မရဲ့ဟာသကို မောင် မရယ်ပါ။

''အဲဒါ နင့်ရဲ့အားနည်းချက်တစ်ခု ဖြစ်သွားတာပေါ့ နီရယ်''

''ငါ့အားနည်းချက် ဟုတ်လား၊ ငါ့ရဲ့ဖြူစင်ပွင့်လင်းမှုတွေက ချို့ယွင်းချက်လို့ နင်ဆိုလိုတာလား''

မောင်က မျက်စုံမှိတ်လျက် ခေါင်းညိတ်ပြ၏။

''ငါ ဟန်မဆောင်တတ်ဘူး မောင်''

''ဟန်မဆောင်တတ်ရင် နင်အမြဲရှုံးနေမှာပဲ နီ၊ ပြီးတော့ နင့်ရဲ့ ပွင့်လင်းလွန်းတဲ့စရိုက်ကို နည်းနည်းလေး ကွန်ထရိုးဖြစ်စေချင်တာပါ၊ နင် ဟန်မဆောင်တတ်ရင်တောင် စောင့်ထိန်းတတ်ရမယ် နီရဲ့၊ ငါပြော တာကို နင်သဘောပေါက်ရဲ့လား''

ကျွန်မ ဘာမှ ပြန်မပြောဖြစ်ပါ၊ မောင့်မျက်နှာကိုသာ ငြိမ် သက်စွာ ငေးမောနေခဲ့မိ၏။ အဲဒီတုန်းကသာ မောင့်ကို အတိုက်အခံ ပြန်လုပ်ခဲ့မိလျှင် မောင့်နားမှာ ကျွန်မ ရှိနေခွင့်သည် စောစီးစွာပင် ကုန်ဆုံးသွားနိုင်ဖွယ် ရှိ၏။

ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီတုန်းက မောင်ဟာ ကျွန်မကို သနားစရာမိန်းကလေးတစ်ယောက်အဖြစ် စာနာပေးခဲ့သည်ကလွဲရင် မချစ်ခဲ့တာ သေချာနေပါသည်။

*

# အခန်း (၂)

''မမ၊ မမ''

နောက်ဘက်ဆီမှာ ခေါ်သံကြောင့် ခြေလှမ်းများကို ခပ်ဆိုင်းဆိုင်းလျှော့လျက် မသိမသာ စောင်းငဲ့ကြည့်လိုက်သည်။

''သြော် ခေါ်သံကြားပါတယ်လို့၊ စွမ်းကိုး''

''ကျောင်းပေါက်ဝနားထဲက မမကို တွေ့လိုက်လို့ ကျွန်တော် ပြေးလိုက်လာတာဗျ''

''ဘာပြောစရာရှိလို့လဲ၊ အမောတကောနဲ့ ပြေးလိုက်လာတာ ဆိုတော့''

ကောင်လေးက သွားတက်လေးများပေါ်အောင် ပြုံးရယ်လိုက် ပြီး ဆံပင်ရှည်များကို လက်နှင့်တစ်ချက် သပ်တင်လိုက်၏။ ထို့ကြောင့် လည်း ကောင်လေးရဲ့ နားရွက်များကို ကျွန်မ သတိထားမိသွားခဲ့ခြင်း ဖြစ်သည်။

''ပြောစရာရှိလို့တော့ မဟုတ်ပါဘူး၊ မမကို တွေ့လို့ အဆောင် ဘက် တူတူသွားချင်တာနဲ့ ပြေးလိုက်လာတာပါ''

ကောင်လေးရဲ့ဖြေရှင်းချက်က သိပ်တော့မသေသပ်ပေမယ့် စောဒကတတ်စရာလည်း မရှိပါ။

''မင်း ဘာဖြစ်လို့ နားကွင်းကို မဖြုတ်ဘဲ ကျောင်းလာတာလဲ''

ကောင်လေးမျက်နှာ နည်းနည်းပျက်ယွင်းသွား၏။ သူ့နားရွက်များကိုလည်း သူ့ဘာသာ ပြန်စမ်းကြည့်နေသေးသည်။ သူ့နားရွက်မှာ တကယ်ပဲ နားကွင်းတွေ ရှိနေလားဆိုတာ သေချာချင်တဲ့ပုံစံမျိုးနဲ့ပေါ့။

''မင်းကိုယ်မင်း နားကွင်းတွေ တပ်လာတာကို မေ့နေတာတော့ မဟုတ်ပါဘူးနော်''

ကောင်လေးက တစ်ချက် ရက်ရယ်လိုက်၏။

''ဟုတ်တယ် မမ၊ ကျွန်တော် မေ့လာတာ၊ ကျောင်းနောက်ကျ နေပြီဆိုပြီး အိမ်ကနေ ခပ်မြန်မြန်ထွက်လာတော့ နားကွင်း ဖြုတ်ဖို့ ကို မေ့သွားတယ်လေ''

ကျွန်မက လျှောက်လှမ်းနေသော ခြေလှမ်းများကို ရပ်တန့် လျက် လက်မှနာရီကို တစ်ချက်ငုံ့ကြည့်လိုက်ပြီး ကောင်လေးဘက်သို့ လည်း ထိုးပြလိုက်၏။

နာရီလက်တံတွေက ရှစ်နာရီတောင် မထိုးသေးဘူးဆိုတာ ညွှန်ပြနေကြ၏။ ကောင်လေး ရယ်လိုက်ပြန်သည်။ ခပ်မြန်မြန်လှမ်း လိုက်သော ကျွန်မရဲ့ခြေလှမ်းများနောက်ကနေ အပြေးကလေး လိုက် လာသော ကောင်လေးရဲ့ခြေသံဟာ ဘာလို့များ ကျွန်မအာရုံတွေထဲမှာ အမြဲရှိနေသော ခြေသံနဲ့ ဆင်တူနေရတာလဲ။

လှမ်းလက်စ ခြေလှမ်းများ ရပ်သွားသည်ထိ ကျွန်မစိတ်တို့ နောက်ကျိုကုန်ရသည်။ ရုတ်တရက် ရပ်လိုက်သော ကျွန်မကြောင့် အပြေးလေးလိုက်လာသော ကောင်လေးမှာ အရှိန်မထိန်းနိုင်ဘဲ ကျွန်မ ရှေ့သို့ နှစ်လှမ်းခန့်ကျွံသွားပါသည်။

စိတ်ရှုပ်ထွေးလျက် ဒီအတိုင်းကြီးရပ်နေမိသော ကျွန်မနားသို့ ပြန်လျှောက်လာလျက် မျက်မှောင်ကြီးကျုံ့ကာ ကျွန်မမျက်နှာကို သေချာ စိုက်ကြည့်နေပြန်သည်။ ကောင်လေးရဲ့မျက်လုံးများတွင် တစ်စုံတစ်ခုကို မသင်္ကာဟန် မြင်တွေ့လိုက်ရမှ ကျွန်မ၏စိတ်များကို မူလနေရာသို့ ပြန် ရောက်ရန် မနည်းကြိုးစားလိုက်ရ၏။

''မမ ဘာဖြစ်သွားတာလဲဟင်''

စူးစမ်းသော ကောင်လေးရဲ့မေးခွန်းကြောင့် ကျွန်မက ခပ် လျှမ်းလျှမ်းပြုံးလျက် ခြေလှမ်းများကို ရှေ့သို့ဆက်လိုက်၏။

''ဘာဖြစ်သွားတာလဲလို့၊ မမ တစ်ခုခု ဖြစ်သွားပါတယ်''

ကျွန်မရဲ့မျက်နှာကို စာအုပ်တစ်အုပ်ဖတ်သလို စူးစူးစိုက်စိုက် ကြည့်လျက် မေးနေသော ကောင်လေးကို နည်းနည်းတော့ စိတ်မရှည် နိုင်ဖြစ်သွားမိသည်။

''ငါ ဘာမှမဖြစ်ဘူး၊ ကဲ အဆောင်ရှေ့လည်း ရောက်နေပြီ၊ အတန်းထဲသွားနေတော့လေ''

ကျွန်မရဲ့နှင်ထုတ်မှုကို ကောင်လေးက အလိုက်သိစွာပင် နောက်ချန်နေခဲ့ခြင်းဖြင့် လိုက်နာပါသည်။ သူ့နားက ခွာခဲ့စဉ်မှာ ကြား လိုက်ရသော သက်ပြင်းချသံသဲ့သဲ့လေးကတော့ ကျွန်မရဲ့ မသိစိတ် များမှာ ကပ်ငြိလျက်ပါလာ၏။

''ဘာဖြစ်တာလဲ နီ''

ကုလားထိုင်တွင် ထိုင်ချပစ်လိုက်လျက် လေပူတစ်ချက်ကို အားရပါးရ မှုတ်ထုတ်ပစ်လိုက်မိသော ကျွန်မကို ဒေါ်စန္ဒာက စူးစူး စမ်းစမ်း မေးလိုက်ပြန်၏။ ကျွန်မ ဖြေချင်စိတ်မရှိပါ။ ဘာလို့လဲဆို တော့ ကျွန်မ ဘာဖြစ်လာမှန်း ကျွန်မကိုယ်တိုင် မသိနိုင်လို့ဘဲ ဖြစ် သည်။

ခေါင်းတစ်ချက် ခါရမ်းပစ်လျက် နောက်မှီပေါ်တွင် ခပ်လျှော လျှော မှီထိုင်လိုက်၏။ ထိုအချိန်မှာပင် အတန်းထဲသို့ ဝင့်ဝါ ဝင်လာပြီး

''အမလေးဟယ် ငါ့ကိုတောင် နည်းနည်းပါးပါး မစောင့်နိုင် ဘဲ ကျောင်းထဲဝင်ပြေးပြီး ဒီလိုပုံစံနဲ့ လာမှိုင်နေတာလား နီ''

''ဒီနေ့ ဘာနေ့လဲဆိုတာ နင်သိတယ် မဟုတ်လား''

ကျွန်မက ကုလားထိုင်နောက်မှီတွင် လှဲတင်ထားသော ဦး ခေါင်းကို မထောင်ချင်ထောင်ချင်နှင့် ထောင်မတ်ကာ ဝင့်ဝါကို မေး လိုက်၏။ ဝင့်ဝါက တစ်ချက်စဉ်းစားဟန်ပြုလျက်

''သိပြီ၊ ဒီနေ့ ဩဂုတ်လ ၁၃ ရက်နေ့ပဲ''

ကျွန်မက လက်ဖျောက်တစ်ချက် ခပ်တိုးတိုးတီးလျက် ဝင့်ဝါ မှန်ကြောင်း ခေါင်းညိတ်ပြလိုက်သည်။

''ဒါကြောင့် နင်က ခံစားနေတယ်ပေ့ါလေ''

''ဆိုပါတော့ဟာ''

''ဒါဆိုလည်း ဆက်သာ ခံစားပေတော့ဟေ့၊ ငါတော့ ကန်တင်း သွားလိုက်ဦးမယ်''

ဒီနေ့ဟာ မောင်နဲ့ကျွန်မ ချစ်သူသက်တမ်း ကိုးနှစ်ပြည့် သည့်နေ့ ဖြစ်သည်။ နေပါဦး ကျွန်မမှာ အဲဒီလိုပြောခွင့်ရော ရှိသေး လို့လား။ မောင်နဲ့မတွေ့ဖြစ်ကြတာပင် ငါးနှစ်ခန့်ရှိနေပြီလေ။ မောင်နှင့် ချစ်ခဲ့ကြသော လေးနှစ်လုံးလုံး ဒီလိုနေ့ကို ရောက်တိုင်း အမှတ်တရ တစ်ခုခု လုပ်ကြမြဲဖြစ်၏။

ကျွန်မနားမှာ မောင် မရှိတော့တဲ့နောက်မှာလည်း တစ်ယောက် တည်းသာ မောင့်ကို သတိရတမ်းတစွာဖြင့် ဝမ်းနည်းကြေကွဲရမြဲ။ အချိန် ကာလတွေ ဘယ်လောက်ပဲ ကြာမြင့်သွားပါစေ ကျွန်မရဲ့ စိတ် နှလုံး အစုံသည် မောင်မှမောင်သာ ဖြစ်နေဆဲ။ ဝင့်ဝါကတော့ ကျွန်မရဲ့ ခံစား ချက်တွေကို အမြဲလိုလို ရှုတ်ချတတ်၏။

အရင်ကဆို ကျွန်မရဲ့စာအုပ်ပေါ်ရှိ ထောင်ထားသော မောင့် ဓာတ်ပုံကို ကျွန်မ မသိခင်မှာ ယူယူပြီး ဖွက်ထားလေ့ရှိ၏။

ကျွန်မက အဆောင်တစ်ခုလုံး ပွရှုပ်နေအောင် ရှာပါသော် လည်း မတွေ့ရတတ်ပါ၊ အဲဒီလိုအခါမျိုးဆိုရင်တော့ ကျွန်မသည် အား ကိုးရာမဲ့စွာ ငိုကြွေးပစ်လိုက်၏။ နောက်ဆုံးတော့လည်း ကျွန်မရဲ့ မျက် ရည်ဒဏ်ကို မခံနိုင်သော ဝင့်ဝါကသာ မောင့်ဓာတ်ပုံကို ပြန်ထုတ် ပေးရမြဲ။

''နင်ဟာလေ ပြောလေကဲလေပဲ သိလား နီ၊ တကယ့်ကို

ကျွဲပါးစောင်းတီးရသလိုပဲ''

ဝင့်ဝါက ထိုသို့ မကျေမနပ်ပြောလျက် သူမဖွက်ထားသော မောင်နှင့်ပတ်သက်သည့် ပစ္စည်းများကို ပြန်ထုတ်ပေးတတ်သည်။ ဝင့်ဝါ လှမ်းပေးသော မောင့်ဓာတ်ပုံကို ကျွန်မက ခပ်မြန်မြန်လှမ်းယူလိုက်ကာ ရင်ခွင်ထဲတွင် တမြတ်တနိုး ထည်းထားမိလျှင်တော့ မျက်နှာကြီးကို မဲ့ကာရွဲ့ကာ လုပ်လျက်နှင့် ကျွန်မနားမှ ထွက်သွားတတ်လေ့ရှိသည်။

ကျွန်မသည် မောင့်ကို အဲဒီလိုမျိုးမြတ်နိုးစွာ ချစ်ခင်ခဲ့သော် လည်း မောင်ကတော့ ကျွန်မရဲ့ခံစားချက်များကို လျစ်လျူရှုလျက် တခြားတစ်နေရာရာတွင် နီ ဆိုသော မိန်းမတစ်ယောက်ကို မေ့လျက် ပျော်ရွှင်နေလိမ့်မည်။ ဒါဟာ မောင်နဲ့ပတ်သက်လို့ လိုက်မကြည့်ပါဘဲ ကျွန်မစိတ်ထဲက အလိုလိုသိနေခြင်းသာ ဖြစ်သည်။

မောင်နဲ့ပတ်သက်ရင် ခန့်မှန်းလိုက်တိုင်း လွဲတတ်ခဲ့သော ကျွန်မ သည် မောင်နဲ့ဝေးပြီးနောက်ပိုင်းမှာတော့ မောင့်ကို တော်တော်လေး နားလည်လာနိုင်ခဲ့၏။ မောင်ဟာ ကျွန်မနဲ့တူတူရှိနေစဉ်တွင် ဘယ်အချိန် မှာ ဘယ်လိုမျိုး မျက်နှာပျက်သွားတာဟာ ဘာကြောင့်ဆိုတာမျိုးတွေကို ကျွန်မ နားလည်တတ်လာသည်။ ဒါပေမဲ့ အဲဒါတွေဟာ ကျွန်မ ဘေးမှာ မောင်မရှိသည့်နောက်တော့ ဘာများအသုံးဝင်နိုင်ဦးမှာတဲ့လဲ။

တကယ်တော့လည်း မောင်ဟာ တခြားယောကျ်ားများနည်းတူ လိုချင်တာကိုသာ ရအောင်ယူသွားနိုင်ခဲ့ခြင်း ဖြစ်၏။ မောင် မလိုချင် ခဲ့သော ကျွန်မသည်

''နီ နင့်ကိုငါ မချစ်တော့ဘူး၊ ငါ့ရင်ထဲမှာ နင် မရှိတော့ဘူး'' ဆိုသော ရိုးရှင်းလွန်းသည့် ငြင်းပယ်မှုများကိုသာ လက်ခံ ရရှိခဲ့၏။

မောင် မတရားဘူးကွယ်။ သိပ်ချစ်မှန်းသိလျက်သားနဲ့ လူ

တစ်ယောက်ကို ဒီလိုမျိုး တစ်ချက်ကလေးမှ မျက်နှာလည်းမပျက်၊ အားနာခြင်းလည်းမရှိပါဘဲ ငြင်းပယ်နိုင်ခဲ့ခြင်းဟာ ကျွန်မဘက်ကကြည့် ရင် ဘယ်လိုမှ တရားမျှတမှုမရှိခဲ့ပါဘူး မောင်ရယ်။

ဒါပေမဲ့ မောင် ပျော်ရွှင်ဖို့အတွက် ကျွန်မဟာ မောင့်ဆန္ဒတွေ ကိုလည်း လိုက်လျောပေးခဲ့တယ်နော်။

''ငါ ဝမ်းသာပါတယ် နီ၊ နင့်ကို ငါ ခုလို လမ်းခွဲစကား ပြောလိုက်ရင် နင် သိပ်ကို ပြင်းပြင်းထန်ထန်ခံစားရလိမ့်မယ်လို့ ငါ ထင်ခဲ့တာ၊ ခုတော့ ငါ ထင်ထားတာနဲ့ ဆန့်ကျင်ဘက်ပဲ နင်က ပြုံးနေ နိုင်တဲ့အတွက် ငါလည်း စိတ်မကောင်းမဖြစ်ရတော့ဘူးပေါ့''

ကျွန်မသည် မောင့်စကားကြောင့် နှုတ်ခမ်းထက်မှအပြုံးကို ပိုမိုပီပြင်စေလိုက်၏။ ဒါပေမဲ့ ရင်ဘတ်ဆီမှ အဆမတန် ဝမ်းနည်းနေ ခြင်းကြောင့် ထိုအပြုံးသည် မပီပြင်သွားသည့်အပြင် မဲ့ပြုံးတစ်ခုသာ ပြောင်းလဲသွားခဲ့၏။

''ငါ ဒီလိုပြုံးနိုင်တာဟာ ငါ့ကိုယ်ငါ ဂုဏ်ပြုနေတာပါ မောင် ရဲ့''

''ဘယ်လို ဘယ်လိုပြောလိုက်တယ် နီ''

''ဟုတ်တယ်၊ ငါ့ကိုယ်ငါ ဂုဏ်ပြုနေတာပါ၊ နင့်ဆီက လမ်းခွဲ စကားကို ငါရင်ဆိုင်နိုင်တာဟာ ငါ သိပ်ကို သတ္တိရှိလို့ပဲ မဟုတ်လား မောင်၊ အဲဒီတော့ အဲဒီသတ္တိအတွက် ငါပြုံးနေသင့်တယ်လို့ နင်ရော မထင်ဘူးလား''

မောင်ဆံပင်များကို တစ်ချက်သပ်တင်ပစ်လျက် စုတ်တစ်ချက် သပ်ကာ ကျွန်မကို ကျောခိုင်းရပ်ပစ်လိုက်သည်။ မောင့်မျက်နှာက ခုမှပင် တစ်ခုခုကို အလွန်စိတ်ညစ်ညူးသွားသည့်ပုံမျိုး ဖြစ်၏။

''နင်ဟာ နင် တကယ်ကိုပဲ''

မောင်က ကျွန်မကို တစ်ခုခု ဆက်ပြောချင်နေသေးသော် လည်း

ဘာဆက်ပြောလို့ပြောရမှန်း မသိတော့သော မျက်နှာထားမျိုးနှင့် ကျွန်မဘက်သို့ ပြန်လှည့်ကြည့်လိုက်ပြန်၏။ ကျွန်မရှေ့တည့်တည့်တွင် အသက်ရှူသံပြင်းပြင်းများကို မောင့်ထံမှ အဆက်မပြတ်ကြားနေရ၏။ ကျွန်မ မောင့်ကို သေချာစိုက်ကြည့်နေမိသည်။

မောင့်အကျႌလည်ပင်းကော်လံစလေး အထဲသို့ ခေါက်ဝင်နေ တာကို ကျွန်မလက်များဖြင့် ပြန်လည်ပြုပြင်ပေးလိုက်လို့ ကောင်းပါဦး မလား၊ ဟင့်အင်း မဖြစ်သင့်တော့ဘူး ထင်ပါရဲ့နော်၊ ထိုအတွေးကြောင့် ပင် ကျွန်မ မျက်လုံးများကို မောင့်ထံမှ အကြည့်လွှဲပစ်လိုက်ပြီး လမ်းထိပ် မီးပွိုင့်မှ မီးပွင့်အစိမ်းရောင်လေးကို အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေမိသည်။

တိတ်ဆိတ်သော ညအချိန်မှာ ပြီးတော့ လူပြတ်လပ်သော ကျွန်မတို့လမ်းထိပ်မှာမို့ ကျွန်မတို့နှစ်ယောက်ကို စိတ်ဝင်တစားနှင့် ငေး ကြည့်နေမည့်သူလည်း မရှိပါ။ မီးပွိုင့်ကြီးကသာ အသက်ရှိနေရင်တော့ ကျွန်မအဖြစ်ကို သနားနေလိမ့်ဦးမည် ထင်သည်။

''နင်ပြောချင်တာ ဒါပဲဆိုရင် ငါပြန်တော့မယ် မောင်၊ စာအုပ် ငှားဆိုင်သွားမယ်ဆိုပြီး ထွက်လာခဲ့တာ''

မောင့်ကို ခွင့်တောင်းခြင်းမဟုတ်သော်လည်း ကျွန်မဟာ မောင့် ဆီက ပြန်ရန် ခွင့်ပြုမှုတစ်ခုခုကို စောင့်မျှော်နေမိသေးသည်။ ဒါမှ မဟုတ် ညဘက် လမ်းခွဲချိန်ရောက်တိုင်း ဒီပျဉ်းမပင်ကြီးအောက်မှာ မောင်ပေးနေကျ နူးညံ့သည့်အနမ်းတစ်ခုကို ရူးသွပ်စွာ မျှော်လင့်နေ မိခြင်းလာ။ ကျွန်မအတွက် အဲဒီလို အခွင့်အရေးတွေဟာ ခုနလေး ကတင် အဆုံးသတ်သွားခဲ့ပြီလေ။

ခုချိန်မှာ မောင်ဟာ ကျွန်မနဲ့ မသက်ဆိုင်ပါသော ယောကျ်ား တစ်ယောက် ဖြစ်သွားခဲ့ပြီလေ။ နှုတ်ဆက်အနမ်းတွေကိုလည်း မောင့် ထံမှ မျှော်လင့်နေခွင့် မရှိတော့။ အားလုံးအားလုံးသည် စက္ကန့်ပိုင်း အတွင်းလေးမှာပင်

အတိတ် ဖြစ်သွားခဲ့ပြီ၊ အတိတ်မှ ဘယ်တော့မှ ပြန်မရနိုင်တော့သော အတိတ်မျိုး ဖြစ်သည်။

မဖြစ်သေးပါဘူး။ မောင့်မျက်နှာကို ဒီလောက်ကြည့်ရရင်ပဲ ကျွန်မ ကျေနပ်သင့်ပြီပေါ့။ ဘယ်လိုအချိန်မှာပဲ ပြန်မေးမေး ကျွန်မ အတွက် အလွတ်ရနေသည့် မောင်ပဲ မဟုတ်ဘူးလား။ ကျွန်မ မောင့်ကို ကျောပေးလိုက်၏။

''နီ''

မောင့်အသံသည် တိုးတိတ်စွာပင် ကျွန်မနားထဲသို့ ဖြတ်သန်း ရောက်ရှိသွား၏။ ကျွန်မ ပြန်လှည့်မကြည့်ပါ၊ ကျွန်မ ပြန်လှည့်ကြည့် စေရန်အတွက် မောင့်နှုတ်ဖျားက ကျွန်မနာမည် ထွက်ကျလာခြင်း မဟုတ်ကြောင်းလည်း ကျွန်မ ကောင်းကောင်း သိပါသည်။

သေချာတာကတော့ မောင် ကျွန်မအတွက် ဝမ်းနည်းနေပြီ။ မောင် ကျွန်မကို သနားနေပြီ။ မောင် ကျွန်မကို နှစ်သိမ့်ဖို့ ကြိုးစား နေပြီ၊ ဟင့်အင်း မောင် ဘာမှမလုပ်လိုက်ပါနဲ့နော်၊ ကျွန်မ ခြေထောက် များသည် ပလက်ဖောင်းကျောက်ပြားများထံမှ ကွာမရဘဲ ဖြစ်နေကြ၏။

ဒီလိုသာဆို ကျွန်မ မျက်ရည်တွေအားလုံး မောင့်ရှေ့မှာပဲ ဖရိုဖရဲ ကျဆင်းကုန်ရတော့မည်၊ မောင် ကျွန်မကို သွားခွင့်ပြုပါနော်၊

ကျောပေးထားသော ကျွန်မနောက်ကျောဆီမှာ နွေးထွေးသော ခံစားမှုတစ်ခုကို ကျွန်မ မမျှော်လင့်စွာ ခံစားလိုက်ရ၏။ ကျွန်မ နား ရွက်နောက်ဖျားဆီမှ မောင့်ဝင်သက်ထွက်သက်လေရဲ့အထိအတွေ့ ကျွန်မ လည်ကုပ်လေးဆီသို့ လာထိနေသော မောင့်နှုတ်ခမ်းမှ ပူနွေးမှု၊ ကျွန်မ ရှန်းထွက်ချင်ပါရဲ့ မောင်ရယ်။

ဒါပေမဲ့ ခြေလှမ်းများက လှမ်းလို့မရတော့သလို နှုတ်ဖျားမှ လည်း ဘာစကားမှ ထွက်ကျမလာခဲ့ပါ။ ကျွန်မ ခန္ဓာကိုယ်ပြင်ပ တစ်ခု လုံးတွင်

လှုပ်ရှားနေသော အရာဆိုလို့ ပူနွေးစိုစွတ်စွာဖြင့် ကျွန်မပါးပြင် ပေါ်မှ ဖြတ်သန်းစီးဆင်းကျနေသော မျက်ရည်တို့သာ ရှိပါလိမ့်မည်။

ဒီအတိုင်းဆက်သွားနေရင် ကျွန်မ စိတ်တွေ လွတ်ထွက်သွား တော့မည်။ ကျွန်မ မောင့်ရဲ့ဖက်တွယ်ထားမှုကနေ ရှိသမျှသော လက် ကျန်အင်အားလေးဖြင့် ရုန်းထွက်ပစ်လိုက်၏။ နောက်ဘက်ကို ပြန်လှည့် မကြည့်တော့ပါဘဲ ကျွန်မရဲ့တည့်တည့်သို့သာ တဟုန်ထိုး ပြေးထွက် ခဲ့မိတော့သည်။ ကျွန်မဟာ မောင့်ရဲ့ထွေးပွေ့မှုတစ်ခုတည်းကနေ ရုန်း ထွက်လိုက်ခြင်းမျိုးမဟုတ်ဘဲ မောင့်ဆီကနေပါ ကျွန်မနှလုံးသား တစ်ခု လုံးကို ဆွဲယူထွက်ပြေးခဲ့ခြင်း ဖြစ်၏။

မောင့်ကို ကျွန်မ မတွေ့ရတော့ပါ။ မောင် ဘာတွေလုပ်နေ တယ်ဆိုတာလည်း ကျွန်မ မသိရတော့ပါ။ မောင်ဟာ ဒီလိုနည်းနဲ့ပဲ ကျွန်မနဲ့ အဝေးဆုံးကို ထွက်သွားခဲ့ခြင်း ဖြစ်၏။

*